# မုန်တိုင်းအတွက်ဘေးကင်းလုံခြုံရေးဆောင်ရွက်ချက်များ

ဂျပန်အစိုးရနှင့်ဂျပန်မိုးလေဝသအေဂျင်စီ

**မုန်တိုင်းဖြစ်ပေါ်နေစဉ်အတွင်းအပြင်သို့မထွက်ရန်**

မုန်တိုင်းကာလအတွင်းမြစ်ချောင်း၊တူးမြောင်းများရေလျှံတက်လာနိုင်သဖြင့်

လုံခြုံရေးကင်းရှင်းရန်လှည့်ခြင်းဖြင့်အဆောက်အအုံအတွင်းအပြင်မထွက်ဘဲစောင့်ဆိုင်း

နေရန်။

**ဓာတ်လှေခါးကိုအသုံးမပြုရန်၊**

မုန်တိုင်းအတွင်းမြေအောက်ရေလျှံတက်မှုကြောင့်မြေအောက်လျှပ်စစ်စက်ခန်း၊မြေအောက်

ဓာတ်လှေခါးများအတွင်းရေဝင်ရောက်နိုင်သောကြောင့် အသုံးပြုခြင်းရှောင်ကျဉ်ကြရန်။

**မုန်တိုင်းမဝင်ရောက်မီ(၆)နာရီအတွင်း ပြင်ဆင်ဆောင်ရွက်ရန်**

မုန်တိုင်းကြောင့် မိမိပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုအနေအထား။

မုန်တိုင်း၊ဆူနာမီ(အထူးသဖြင့်ရေလွှမ်းမိုးမှု)မိမိနေထိုင်ရာခရိုင်အတွင်းရာသီဥတု

သတင်းအချက်အလက်များ၊ အစိုးရမှအချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ချက်များကို

စဉ်ဆက်မပြတ်နားထောင်ပြီး ချက်ချင်းရွှေ့ပြောင်းရန်အတွက်ပြင်ဆင်ရန်။

<u>မိမိသည်မြေအောင်ခန်းအတွင်းရောက်ရှိနေပါက သတိပြုရန်</u>

မြေအောက်ရထား၊ မြေအောက်ဈေးဝယ်စင်တာ၊မြေအောက်ကားပါကင် စသည်တို့တွင်ရေ

ကြီးခြင်းများဖြစ်နိုင်ပါသည်။

**မုန်တိုင်းကျရောက်ပီး(၆)နာရီမှ(၁၂)နာရီအတွင်းပြင်ဆင်ဆောင်ရွက်ရန်**

အစိုးရအဖွဲ့မှကယ်ဆယ်ရေးအဖွဲ့အစည်းသို့ကယ်ဆယ်ရေးမျိုးစုံအတွက်လျှင်မြန်စွာ

ရွှေ့ပြောင်းဆောင်ရွက်ရန်။

`ကယ်ဆယ်ရေးအကြံပေးအဖွဲ့`အမိန့်အရမိမိအိမ်တံခါးအားသော့ခတ်ပြီး အိမ်နီးချင်းများနှင့်

အတူအပြင်ထွက်ရန်။ တောင်တက်ဖိနပ်၊အားကစားဖိနပ်များအား လမ်းလျှောက်လွယ်ကူစေ ရန်အတွက်(ရေလွှမ်းနေရာ)သင့်တော်ကြောင်းအကြံဉာဏ်ပေးပါသည်။

**အဆိုပါကယ်ဆယ်ရေးပြင်ဆင်မှုသတင်းအချက်အလက် လျှင်မြန်စွာအကူအညီများ ပြောင်းရွှေ့ရန်ထုတ်ပေးပြီဆိုလျှင်............**

အဆိုပါအရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်မှုများကို အစိုးရဆီမှဦးစားပေးမှုအတွက်ကယ် ဆယ်ရေးသတင်းအချက်အလက်ရရှိပါက (ဥပမာ။ ။သက်ကြီးရွယ်အိုများ၊မသန်စွမ်းသူ များ၊ကလေးသူငယ်များ) အားဦးစားပေးပြောင်းရွှေ့ရန်။

တောင်ကုန်း၊အမိုးအကာ၊ကယ်ဆယ်ရေးအဆောက်အအုံစသည်............

**(၁၂)နာရီမှ(၃၆)နာရီအကြာ ရောက်ရှိသောအခါ**

ဓာတ်မီးနှင့်အစားအစာများပြင်ဆင်ထားရန်။

မုန်တိုင်းလွန်မြောက်သောအခါ ဖြစ်နိုင်ခြေတစ်ခုက ရေဆက်သွယ်မှုနှင့် လျှပ်စစ်မီးပြတ် တောက်နိုင်ခြင်း။ ထို့ကြောင့် လက်နှိပ်ဓာတ်မီးနှင့် သောက်သုံးရေ၊ အစားအစာများပြင်ဆင် ထားရှိရန်။

မြင့်မားသောအရပ်မှရွှေ့ပြောင်းပစည်းများ။

အရေးကြီးအသုံးအဆောင်များ ပျက်စီးဆုံးရှုံးနိုင်ပါသဖြင့် ခြောက်သွေ့ရာအရပ်ဆီပြောင်းရွှေ့ ကြပြီး ၊အိမ်ခြံမြေနှင့်ထိခိုက်ဒဏ်ရာရရှိသူရှိပါက.....(ဥပမာ။ ။မီးအာမခံ)ပြန်လည်ရရှိရန်။

**(၃၆)မှ(၄၈)နာရီအကြာရောက်ရှိသောအခါ**

သင့်နေအိမ်သည် မြေနိမ့်ပိုင်း(သို့)ကမ်းနားပိုင်းတွင်တည်ရှိနေပါက ဆူနာမီလှိုင်းမှကာကွယ် ရန်အတွက် သဲအိတ်ဆောင်ထားရန်လိုအပ်ပါသည်။

သဲအိတ်လိုအပ်ခဲ့ပါက သက်ဆိုင်ရာမြို့နယ်ရုံးများဖြင့် ချိတ်ဆက်ရယူနိုင်ပါသည်။ သဲ

အိတ်အပြင် အမိုက်အိတ်ဖြင့် ရေဖြည့်ပြီးဖြည့်စွက်အသုံးပြုနိုင်ပါသည်။ယာယီရေအတွက်ကဒ်ထူပြားဖြင့်ရေကန်ကလေးပြုလုပ်ပြီး ရေဘဏ်အဖြစ်လည်းအသုံးပြုနိုင်ပါသည်။

အမှန်တစ်ကယ်ဘေးဒုက္ခမကျရောက်မီရေနုတ်မြောင်းများအခြေအနေနှင့်အဆောက်အအုံအခြေအနေအားသေချာစွာ သန့်ရှင်းရေးလုပ်ထားရန်။

ပိတ်ဆို့နေသောရေနုတ်မြောင်းများ၊ပန်းခြံအတွင်းရှိရေကန်ငယ်များကြောင်အဆောက်အအုံနှင့် လမ်းများပျက်စီးဆုံးရှုံးနိုင်။အဆိုပါရေနုတ်မြောင်းများကြောင့် ရေများမြင့်တက်လာပြီး အဆောက်အအုံဒုတိယထပ်အထိ ရေများဝင်ရောက်လာနိုင်ပါသည်။ထို့ကြောင့်ရေနုတ်မြောင်းများအား အစဉ်အမြဲသေချာသန့်ရှင်းသပ်ရပ်စွာ စစ်ဆေးထားရှိရန်။

**အိမ်ခေါင်မိုးအုတ်ကြွပ်နှင့် သံရည်စိမ်များအသုံးပြုရန်။**

အုတ်ကြွပ်အမိုးများ လေတိုက်လျှင်ကွာကျလွင့်နိုင်ပါသဖြင့် လူကိုထိခိုက်စေနိုင်ပါသည်၊ထို့အပြင်အခြားအရာ(ဥပမာ။ ။အင်တနာ၊နံရံ၊စက်ဘီးများ၊အလှပန်းအိုးများစသည်.......)။